## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏သမိုင်းအကျဉ်း

၁။ မြန်မာနိုင်ငံတွင် မွေးပုလဲထုတ်လုပ်မှုလုပ်ငန်းကို ၁၉၅၄ ခုနှစ်၌ မြိတ်ကျွန်းစုတွင် စတင်ခဲ့ပြီး ဂျပန်နိုင်ငံကိုဘေးမြို့တွင် အခြေစိုက်သော South Sea Pearl Company နှင့် မြန်မာနိုင်ငံမှ ကော့သောင်းရောင်းဝယ်ရေးဆင်ဒီကိတ်တို့ ဖက်စပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ(၁၆)ရက်နေ့မှစ၍ ပြည်သူပိုင်သိမ်းယူခဲ့ပြီး ပြည်သူ့ပုလဲနှင့်ငါးလုပ်ငန်း အဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်းဟူသော အမည်ဖြင့် လယ်ယာနှင့်သစ်တောဝန်ကြီးဌာနကွပ်ကဲမှုအောက်သို့ ရောက်ရှိ ခဲ့ပါသည်။ ၁၉၈၃ ခုနှစ်တွင် ပြည်သူ့ပုလဲနှင့်ရေလုပ်ငန်း ကော်ပိုရေးရှင်း အမည် ဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနကွပ်ကဲမှုအောက်သို့ ရောက်ရှိခဲ့ပါသည်။ ၁၉၈၆ ခုနှစ်တွင် သတ္တုတွင်းဝန်ကြီးဌာနကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့ခဲ့ရပြီး ပုလဲမွေးမြူရေးနှင့်ထုတ်လုပ်ရေးဌာနခွဲအမည်ဖြင့် ဆားလုပ်ငန်းကော်ပိုရေးရှင်းနှင့်ပူးပေါင်းဖွဲ့စည်းခဲ့ပါသည်။ဆားလုပ်ငန်းကော်ပိုရေးရှင်း၏ ဦးဆောင်ညွှန်ကြားရေးမှူးမှာဗိုလ်မှူးကြီးဝင်းမောင်ဖြစ်ပါသည်။၁၉၈၉ခုနှစ်တွင်မြန်မာ့ပုလဲရတနာကော်ပိုရေးရှင်း အဖြစ်ဖွဲ့စည်းပြီးသီးခြားရပ်တည်ခဲ့ရာ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ဗိုလ်မှူးကြီးဝင်းမောင်မှပင် ဆောင်ရွက်ခဲ့ပြီးဆားလုပ်ငန်းကော်ပိုရေးရှင်း၏ဦးဆောင်ညွှန်ကြားရေးမှူးအသစ်တစ်ဦးခန့်အပ်ခဲ့ပါသည်။ (၁.၄.၈၉) ရက် နေ့တွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပုလဲမွေးမြူရေးသာမကရောင်းချရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ခဲ့ပါသည်။ (၇.၁၁.၁၉၉၈) နေ့တွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ဗိုလ်မှူးကြီးမောင်တိုးမှ စတင်တာဝန်ယူခဲ့ပါသည်။ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးဦးသိန်းဆွေမှ(၂၇.၈.၂၀၁၀)ရက်နေ့မှ (၁၁.၈.၂၀၁၁)ရက်နေ့အထိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တွဲဖက် တာဝန်ယူခဲ့ပါသည်။(၁၂.၈.၂၀၁၁) ရက်နေ့မှ(၂၆.၃.၂၀၁၆)တွင်ဦးစိန်လွင်မှဦးဆောင်ညွှန်ကြားရေးမှူးအဖြစ်တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ (၂၇.၃.၂၀၁၆) ရက်နေ့မှ (၁၀.၂.၂၀၂၁)ရက်နေ့အထိ ဦးမင်းမင်းဦးမှ ဦးဆောင်ညွှန်ကြားရေးမှူး အဖြစ်တွဲဖက်တာဝန်ထမ်းဆောင်ခဲ့ပြီး(၁၁.၂.၂၀၂၁)ရက်နေ့မှစတင်၍ ဦးငွေအောင်မှဦးဆောင်ညွှန်ကြားရေးမှူး အဖြစ်ယနေ့ထိတာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။